# အကြမ်းဖက်စစ်အုပ်စုမှ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းလောင်းမြို့နယ်၊ နမ်းနိန်းရွာအတွင်းအရပ်သားပြည်သူများကို ရက်စက်စွာ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်နှင့်ပတ်သက်ပြီး ပြည်တွင်း၊ပြည်ပ ကရင်နီအရပ်ဘက်အဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ကြေငြာချက်

ရက်စွဲ ။ ။၂၀၂၃ခုနှစ်၊ မတ်လ၊ (၂၀)ရက်နေ့။

၁။ အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီနှင့် အပေါင်းအပါများမှ မတ်လ၊ (၁၁) ရက်နေ့ ၂၀၂၃ ခုနှစ် ပင်လောင်းမြို့နယ်၊ နမ်းနိန်းရွာ၊ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းပရဝုဏ်အတွင်း သံဃာတော် (၃)ပါး၊ အမျိုးသမီး (၁)ဦးအပါအဝင် အရပ်သားပြည်သူ စုစုပေါင်း (၂၂) ဦးကို လူသားမဆန်စွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့် လုပ်ရပ်သည် လူသားမျိုးနွယ်စု အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုမြောက်ကြောင်း အတိအလင်းပြောကြားလိုသည်။ ထိုလုပ်ရပ်အပေါ်တွင် မိမိတို့ ကရင်နီအရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် အပြင်းအထန် ရှုတ်ချကန့်ကွက်ပါသည်။

၂။ ယခုလိုနိုင်ငံရေး အကျပ်အတည်းကာလအတွင်း ကရင်နီပြည်မှ ထွက်ပြေးတိမ်းရှောင်နေရသော စစ်ဘေးရှောင်ပြည်သူများကို လှိုက်လှဲနွေးထွေးစွာဖြင့် ဖေးမကူညီလျက်ရှိသော အိမ်နီးချင်းပြည်နယ်/တိုင်း မှ ညီနောင်တိုင်းရင်းသားများဖြစ်ကြသည့် ပအိုဝ်း၊ ရှမ်း နှင့် အခြားသော ညီနောင်သွေးချင်းများကို မိမိတို့ကရင်နီ အရပ်ဖက်အဖွဲ့အစည်း များအနေဖြင့် ကရင်နီပြည်သူလူထုကိုယ်စား အထူးကျေးဇူးတင်ကြောင်း အသိအမှတ်ပြုပါသည်။

၃။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်၊ နမ်းနိန်းရွာတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်စစ်အုပ်စုမှ အရပ်သားပြည်သူများအပေါ် လူမဆန်စွာ အစုလိုက်အပြုံလိုက် သတ်ဖြတ်သည့်ဖြစ်စဉ်အပေါ် အခြေအနေ အရပ်ရပ်မှ ဘက်လိုက်မှု ကင်းစွာသုံးသပ် ရပ်တည်ပေးခဲ့သည့် ပအိုဝ့်အမျိုးသား ဖက်ဒရယ်ကောင်စီ - PNFC ၏ ၂၀၂၃ခုနှစ်၊ မတ်လ၊ (၁၄) ရက်နေ့တွင် ထုတ်ပြန်ခဲ့သောထုတ်ပြန်ကြေငြာချက်အပေါ် မိမိတို့ အရပ်ဘက် အဖွဲ့အစည်းများနှင့်အတူ ပြည်ပရောက် ကရင်နီအရပ်ဖက်အဖွဲ့အစည်းများမှ ကြိုဆိုကြောင်းနှင့် ကျေးဇူး တင်ကြောင်း ပြောကြားလိုပါသည်။

၄။ မိမိတို့ပြည်တွင်း ပြည်ပ ကရင်နီအရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် လူသားဖြစ်တည်မှုနှင့် လူ့အခွင့်အရေး ကို အထူးအလေးထားကာ မြန်မာနိုင်ငံတဝန်းတွင် တွေ့ကြုံရင်ဆိုင်နေရသော အခက်အခဲ အကြပ်အတည်းများနှင့် စပ်လျဉ်းပြီး လူထုများ နှင့်အတူ တစ်သားတည်း အစဉ်တစ်စိုက်ရပ်တည်လျက်ရှိသည်။

၅။ အကြမ်းဖက်စစ်ကောင်စီ၏ လက်ရှိ လုပ်ရပ်သည် လူမျိုးရေး၊ ဘာသာရေး၊ နယ်မြေဒေသ ပဋိပက္ခဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ သွေးထိုးလှုံ့ဆော်နေပြီး မိမိတို့ကရင်နီပြည်အတွင်းနှင့် အခြားသော တိုင်းရင်းသားညီနောင်များ အနေဖြင့် အကြမ်းဖက်စစ်အုပ်စု၏ ဤဖန်တီးထားသော ပဋိပက္ခထောက်ချောက်များအတွင်း မဝင်ရောက်မိစေရန် အထူးသတိထားရန် လိုအပ်ပါသည်။

၆။ ထို့ကြောင့် အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီမှ ကရင်နီပြည်၊ ရှမ်းပြည်နှင့် မြန်မာနိုင်ငံတစ်ဝှမ်းတွင် ကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သော စစ်ရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ တရားမျှတမှုရရှိသည်အထိ အခြားသော ညီနောင်သွေးချင်းများနှင့်အတူ မိမိတို့ ပြည်တွင်း၊ပြည်ပ ကရင်နီအရပ်ဖက်အဖွဲ့အစည်းများမှ အစဉ်တစိုက် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ပါသည်။

**ထုတ်ပြန်ချက်တွင် ပူးပေါင်းပါဝင်သည့်အဖွဲ့အစည်းများ**

၁။ ကရင်နီပြည်တွင်း အရပ်ဖက်အဖွဲ့အစည်းများ

၂။ ကိုရီးယားကရင်နီလူငယ်များ

၃။ စင်ကာပူရောက်ကရင်နီအဖွဲ့အစည်း

၄။ Karenni Youth Association - Singapore

၅။ We love Karenni Land- Malaysia

၆။ Karenni National Society- Japan

၇။ Karenni American Association

၈။ Karenni Society Finland RY ( KnSF)

၉။ Karenni Patriotic Forum In Europe ( KPF.EU)

၁၀။ Karenni Civil Society Network ( KCSN)

၁၁။ Karenni Society New Zealand

၁၂။ Karenni Community – Canada

၁၃။ Society of Karenni Youth - Thailand

ဆက်သွယ်ရန်

ဖုန်းနံပါတ် +60172185961

+6653297814